ဆားတောင်ကျေးရွာ

ဆင်ချီတိုင်ကျေးရွာအုပ်စု

ဝမ်းတွင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၃ - ၂၀၂၇)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆားတောင်ကျေးရွာ၊ ဝမ်းတွင်းမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

စကားချီ ၁-၂

၁. ဆားတောင်ကျေးရွာ၏ သယံဇာတပြမြေပုံ ၃

၂. ဆားတောင်ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် ၄

၃. ဆားတောင်ကျေးရွာ၏ ကျေးရွာတွင်းရွာပြင်အဖွဲ့အစည်းများ ၅

ချိတ်ဆက်မှုပြပုံ

၄. ဆားတောင်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ ၆

၄.က။ တည်နေရာနှင့်ပထဝီ အနေအထား ၆

၄.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၆

၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၆-၇

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၇

၄.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၇-၈

၄.စ။ ပညာရေး ၈

၄.ဆ။ ကျန်းမာရေး ၈

၄.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၈-၉

၄.ဈ။ ကျား – မ ရေးရာ ၉

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၀

နောက်ဆက်တွဲများ

နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၁

- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ

စကားချီ

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃/၂၀၂၄ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇/၂၀၂၈ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသောလူထုကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ကနဦး အနေဖြင့်စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးအဖြေရှာရာတွင်ကူညီပံ့ပိုးပေးသည့် စီမံကိန်းရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်မိပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤစီမံကိန်းတွင်အပိုင်း (၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


ဆားတောင်ကျေးရွာ၊ ဝမ်းတွင်းမြို့နယ်။

၂၀၂၃ ခုနှစ် ၊ စက်တင်ဘာလ


၁ – ဆားတောင်ကျေးရွာ၏ သယံဇာတပြမြေပုံ



၂ – ဆားတောင်ကျေးရွာ၏ ရာသီခွင်ပြ ပြကွဒိန်



၃ – ဆားတောင်းကျေးရွာ၏ ကျေးရွာတွင်းရွာပြင်အဖွဲ့အစည်းများ



၄.ဆားတောင်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီအနေအထား

ဆားတောင်ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး ၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်တွင် ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီး ဝမ်းတွင်းမြို့၏ မြောက်ဘက်(၂၀)မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ ဆားတောင် ကျေးရွာသည် ရှေးကာလကြာမြင့်စွာကတည်းက တည်ရှိခဲ့သော ကျေးရွာတစ်ရွာဖြစ်သည်။ ဆားတောင် ကျေးရွာတွင်သမိုင်းဝင်ထင်ရှားသော အဆောက်အဦးများမရှိပါ။ ဆားတောင်ကျေးရွာ သို့သွားသောလမ်းမှာ ရန်ကုန်မန္တလေးအမြန်လမ်းနှင့် (၆)မိုင်ခန့်ဝေးပြီး မြေသားလမ်းဖြစ်ပြီး ရာသီ မရွေးသွားလာနိုင်ပါ သည်။ ဆားတောင်ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သော ကျေးရွာ တစ်ရွာဖြစ်ပြီး ကြက်သွန်၊ကုလားပဲ၊ငြုပ်နှင့် နှမ်းသီးနှံတို့ကိုသာ စိုက်ပျိုးသောကျေးရွာတစ်ရွာဖြစ်သည်။

၄.ခ။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ဆားတောင်ကျေးရွာ၏ ရာသီဥတုအခြေအနေမှာ သာမန်အားဖြင့် နွေရာသီတွင် အပူချိန် ၃၄°C အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ၃၀°C ရှိတက်ပါသည်။မိုးရာသီတွင် တစ်ခါတရံ မိုးသည်း ထန်စွာ ရွာသွန်းလေ့ရှိပြီး တစ်ခါတရံ မိုးခေါင်ခြင်းကြောင့် ရာသီဥတု မှန်ကန်ခြင်းမရှိပါ။ လယ်မြေနှင့် ယာမြေ များမှာ မိုးကောင်းရေသောက်၍ စိုက်ပျိုးကြရသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့်မြေများကို ကြက်သွန်၊ ကုလားပဲ၊ငြုပ်နှင့် နှမ်း သီးနှံများကို အဓိကထား စိုက်ပျိုးကြသည်။

၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ဆားတောင်ကျေးရွာတွင် ဘာသာရေးကို အခြေပြုသောအဖွဲ့(၂)ဖွဲ့နှင့် လူမှုရေးဆိုင်ရာ အဖွဲ့ အစည်း(၃)ဖွဲ့ရှိသည်။ ၄င်းအဖွဲ့အစည်းများသည် ၄င်းတို့၏ အခန်းကဏ္ဍအလိုက် သက်ဆိုင်ရာ တာဝန် များကို ထမ်းဆောင်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ အပြန်အလှန် ယုံကြည်မှု၊ တာဝန်ယူမှု ၊ တာဝန်ခံမှု အပြည့်ရှိကြသည်။တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့ အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန် လာနိုင်ပါသည်။ ဆားတောင်ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိရပ်ဖများ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးပါင်းညှိနှိုင်း၍ ဘာသာရေးဆိုင်ရာ ဖွံ့ဖြိုး ရေးလုပ်ငန်းများတွင် သာသနာ့ အကျိုးတော်ဆောင်များဖြစ်သော ဂေါပက လူကြီးများ အဖွဲ့ဖွဲ့စည်းပေး ၍ ဘာသာရေးလုပ်ငန်းများတွင် စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ပညာရေးဆိုင်ရာလုပ်ငန်းများတွင် စာသင် ကျောင်း၏ အကျိုးတော်ဆောင် ကော်မတီများဖွဲ့စည်း၍ စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ကျန်းမာရေး ဆိုင်ရာလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် ကိုယ်ဝန်ဆောင်စောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်း၍ စီမံဆောင်ရွက်စေခြင်း၊ ကျေးရွာတွင်း ဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သော လမ်းများ၊ ကျေးရွာပိုင် အဆောက်အဦများကို ပြုပြင်ထိန်းသိမ်းခြင်း၊ သာရေးနာရေးလုပ်ငန်းများတွင် သုံးစွဲနိုင်ရန်အတွက်

ကျေးရွာပိုင် ပစ္စည်းများ ထိန်းသိမ်းခြင်း၊ ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေရှာဖွေခြင်းများ လုပ်ဆောင်နိုင်ရန် အတွက် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ များဖွဲ့စည်း၍ စီမံခန့်ခွဲစေခြင်း၊ သာရေးနာရေးများတွင် ကူညီ ချက်ပြုတ်လုပ်ဆောင်ရန် အတွက် ထမင်းချက်အဖွဲ့များ ၊ ဟင်းချက်အဖွဲ့များ၊ အမျိုးသမီးပရဟိတအဖွဲ့၊ ထမင်းကျွေး တာဝန် များအား ဆယ်အိမ်မှူးများမှ စီမံခန့်ခွဲ ဦးဆောင်စေခြင်းစသောဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အဖွဲ့အစည်းလိုက် တာဝန်ပေးအပ်၍ လုပ်ကိုင် ဆောင်ရွက်ကြပါသည်။

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ဆားတောင်ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ လယ်ယာ လုပ်ငန်း **ကိုယ်ပိုင်**လုပ်ကိုင်သူ အိမ်ထောင်စု (**၁၇၀**)စု၊လယ်ယာလုပ်ငန်းကိုအငှား လုပ်ကိုင်သူများမှာ အိမ်ထောင်စု **(၁၀)စု ရှိကြောင်း**တွေ့ရှိရပါသည်။ အိမ်ထောင်စု အားလုံးနီးပါးသည် လယ်ယာစိုက်ပျိုးရေး ကိုသာ အဓိကထားလုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသော တောင်သူများအနေ ဖြင့် ရာသီဥတု၊ စိုက်ပျိုးရေ ကောင်းစွာရရှိပြီးသီးနှံထွက်နှုန်းကောင်းမွန်၍ ဈေးကွက်ကောင်းမွန်လျှင် အကျိုးအမြတ်များစွာရရှိပြီး ရာသီဥတုဖောက်ပြန်ပြီး မိုးမမှန်ပါက သီးနှံထွက်နှုန်းမကောင်း၍ အကျိုး အမြတ်နည်းခြင်း၊ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရတက်ပါသည်။ ဆားတောင်ကျေးရွာတွင် ဥစ္စာဓနအဆင့်ကို အဆင့်(၄)ဆင့်ဖြင့်ခွဲခြားထားပါသည်။ အထက်ပါ ဥစ္စာဓနအဆင့်အခြေအနေအရ ချမ်းသာသောမိသားစု မှာ ကျေးရွာအိမ်ထောင်စု(၄၄)စု၊ အဆင်ပြေသောအိမ်ထောင်စု(၁၂၀)စု၊ မပြေလည်သော အိမ်ထောင်စု မှာ (၁၅)စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စုမှာ (၁)စု ရှိကြောင်း တွေ့ရှိရပါ သည်။

၄.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ(လမ်းတံတား၊ အခြားအခြေခံအဆောက်အဦများ၊

လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)

ဆားတောင်ကျေးရွာတွင် အခြေခံပညာမူလွန်ကျောင်းရှိပါသည်။ဆားတောင်ကျေးရွာ၏ ရွာတွင်း လမ်းများသည် မြေသားဂျင်းလမ်းဖြစ်ပြီးမိုးရာသီတွင် ရေအိုင်ခြင်း၊ ဗွက်ထခြင်း၊ ဆိုင်ကယ်၊ ကားများ လမ်းချော်ခြင်းများဖြစ်ပေါ်သောကြောင့် အဆင့်မြှင့်တင်ဖို့ရန်လိုအပ်သည်။ မီးသုံးစွဲမှုအနေဖြင့် မဟာ ဓာတ်အားလိုင်းကို အသုံးပြုကြပါသည်။ ဆားတောင်ကျေးရွာတွင်မည်သည့် ရေကြောင်းသယ်ယူ ပို့ဆောင်မှုများမှမရှိပါ။ အခြားသော သယ်ယူပို့ဆောင်ရေးယာဉ်များကို ဇယားတွင် ဖော်ပြထားပါသည်။ စက်ဘီး(၇၀)စီးမှာ ရွာတွင်းနှင့်ကျောင်းသားများကျောင်း သွားရန်သာအသုံးပြုကြသည်။ ဆိုင်ကယ် (၂၀၀) စီးမှာ သယ်ယူပို့ဆောင်ရေးဝန်တင်အဖြစ်သုံးပြီး၊ လုပ်ငန်းသုံးအနေဖြင့် ကားအစီး(၃)စီးရှိပြီး ၄င်း တို့မှာမှာ လုပ်ငန်းသုံးနှင့်သယ်ယူပို့ဆောင်ရေးအတွက်သုံးကြသည်။ နွားလှည်း(၁၀၀)စီးရှိပြီး စိုက်ပျိုးရေး လုပ်ငန်းခွင်တွင် အသုံးပြုကြသည်။ထော်လာဂျီ(၁)စီးနှင့် သုံးဘီးဆိုင်ကယ်(၁)စီးတို့မှာလည်း သယ်ယူ ပို့ဆောင်ရေးယာဉ် အဖြစ်အသုံးပြုကြပါသည်။ကျေးရွာတွင် မိုဘိုင်းဖုန်း (၃၆၀)လုံးရှိပြီး မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြု

နိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြား သတင်း အချက်အလက်များ အတွက် ချိတ်ဆက် အသုံးပြုနိုင်သည်။ ဂြိုလ်တုစလောင်း(၃)ခုနှင့် တီဗွီ (၁၂၅) လုံးရှိပြီး တီဗွီမှ ဗဟုသုတအစီအစဉ်များ ကြည့်ရှုကြသည်။

၄.စ။ ပညာရေး

ဆားတောင်ကျေးရွာတွင် အခြေခံပညာ မူလတန်းလွန်းကျောင်းရှိသည့်အတွက် ကျေးရွာရှိ ကလေးများပညာရေးကို အလွယ်တကူသင်ကြားခွင့်ရရှိကြပါသည်။ ကျောင်းသား/ ကျောင်းသူ များမှာ လည်း အခြေခံပညာမူလတန်းအဆင့်ထိ (၉၄)ဦးခန့်၊အလယ်တန်းအဆင့်ထိ (၁၅)ဦးခန့်၊ အထက်တန်း အဆင့်(၁၅)ဦးခန့်နှင့် တက္ကသိုလ်အဆင့် (၄)ဦးခန့် အထိရှိပါသည်။ စာသင်ကျောင်းဆောင်၏ အရည် အသွေးမှာ မိုခါဒဏ်ကြောင့် ကျောင်းထရံ၊တံခါး၊အမိုးများ လန်သွားပါသဖြင့် ဘုန်တော်ကြီးကျောင်းဝန်း ထဲတွင် ယာယီတဲထိုး၍ စာသင်ကြားရပါသည်။ကျောင်းပရိဘောဂများ လုံလောက်မှု မရှိသေးပါ။

၄.ဆ။ ကျန်းမာရေး

ဆားတောင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနမရှိပါ။ ဆားတောင်ကျေးရွာရှိ ကျေးရွာသူ/ ကျေးရွာသားများ၏ ကျန်းမာရေးနှင့်ပတ်သက်၍ ဆီးချို၊ သွေးတိုးရောဂါ ဖြစ်ပွားသူများမှာ အနည်းငယ် မျှသာရှိပြီး အများစုမှာကျန်းမာရေးကောင်းမွန်ကြပါသည်။ တစ်ခါတစ်ရံ ကလေးသူငယ်များ မသန့် ရှင်းသော အစားအသောက်များကို စားသုံးမိခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရာသီပေါ် တုတ်ကွေး၊ ဖျားနာဖြစ်ခြင်း၊ တို့ဖြစ်ပေါ်တက်ပါသည်။ ထိုအချိန်တွင် ကျန်းမာရေးဌာနမှ အချိန်မှီ လာရောက်ကုသမှုရှိ၍ ကျန်းမာရေးဗဟုသုတ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးလျက်ရှိပါ သည်။ သို့သော်လည်း အရေးပေါ်ကိစ္စများတွင် ကျန်းမာရေးဝန်ဆောင်မှု အချိန်မှီရရှိနိုင်ရန်အတွက် မြစ်သားမြို့နယ်၊ ကူမဲမြို့နယ်၊ မန္တလေးမြို့ဆေးရုံများသို့ သွားရောက်ကုသရပါသည်။ သောက်ရေ အတွက် အဝီစီစက်တပ်တွင်းများ၊ကိုယ်ပိုင်ရေတွင်းများ ရေအခက်အခဲမရှိပါ။ ဆားတောင်ကျေးရွာသည် ရေဆွဲအိမ်သာနှင့် ယင်လုံအိမ်သာများကိုသာ အသုံးပြုကြပါသည်။ ယင်လုံအိမ်သာများနှင့် ရေဆွဲအိမ်သာ များကို အိမ်ထောင်စုတိုင်းလိုလို သုံးစွဲကြပြီး ၎င်းတို့အား ယင်လုံအိမ်သာနှင့် ရေဆွဲအိမ်သာတို့ကို သုံးစွဲခြင်းဖြင့် ကျန်းမာရေး၏အရေးကြီးပုံများကို အသိပညာပေးခြင်း ပြုလုပ်ပေးရန် လိုအပ်ပါသည်။

၄.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ဆားတောင်ကျေးရွာ စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများ အနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ စွန့်ပစ်ကြ သဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ သန့်ရှင်းမှုများကောင်းသည်။ ကျေးရွာတွင်တစ်ခါတစ်ရံ အပူချိန် မြင့်မားခြင်း၊ မိုးခေါင်ခြင်း၊ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း အစရှိသော

ဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ပါသည်။အပူချိန်မြင့်မား၍ မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးရေး ရှားပါးမှုနှင့် ကြုံတွေ့ရပြီး လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသီးများကြွေကျခြင်း၊ မိုးသည်း ထန်စွာ ရွာသွန်း၍ ရေလျှံမှုများ ဖြစ်ပေါ်နိုင်ခြင်းတို့ကြောင့် လူနေအိမ်များပျက်စီးနိုင်ခြင်း၊ စိုက်ပျိုးသီးနှံများ၊ ပျက်စီးဆုံးရှုံး နိုင်ခြင်း အစရှိသော ဘေးအန္တရာယ်များလည်း ဖြစ်ပေါ်လာနိုင်ပါသည်။

၄.၈။ ကျား – မရေးရာ

ဆားတောင်ကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှု အဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်း ဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန် အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျ ပြောနိုင် ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများအရ ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသမီးများသည် အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ ဆားတောင်ကျေးရွာတွင် ကျားမမရွေး၊ လူကြီးလူငယ်မရွေး နှစ်စဉ်ဝါတွင်းကာလ၌ ဆွမ်းတော်ကြီးလှည့်ခြင်းကို သာသနာ့ အကျိုးတော်ဆောင် ဂေါပကအဖွဲ့များနှင့် ပူးပေါင်း၍ လှည့်လည်ခြင်း၊ ဝါတွင်းကာလဥပုသ်နေ့များ၌ ဆွမ်းလောင်းခြင်း၊ ကျေးရွာတွင်းသာရေး နာရေးများတွင်လည်း ကူညီဆောင်ရွက်ခြင်း၊ ကျေးရွာ လုံခြုံရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် (၁၂) လရာသီပွဲတော်များတွင် ဦးဆောင်၍ ဆောင်ရွက်ကြပါသည်။ ဆားတောင်ကျေးရွာအမျိုးသမီးများမှာ ဘာသာရေးပွဲများတွင် ဓမ္မစကြာရွတ်ဖတ်ပူဇော်ခြင်း၊ နာရေးများတွင် သံဝေဂအလင်္ကာများ ရွတ်ဆိုပို့ ဆောင်ခြင်းကြောင့် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး လုပ်ငန်းများတွင် အမျိုးသားများနှင့် တန်းတူ ရင်ဘောင်တန်း၍ ပူးပေါင်းဆောင်ရွက်ကြပါသည်။ စိုက်ပျိုးရေးတွင် လုပ်ကိုင်ကြသော အမျိုးသားများ၏ ပျမ်းမျှတစ်ရက် လုပ်အားခမှာ (၅၀၀၀/-)ကျပ် ဖြစ်ပြီး၊ အမျိုးသမီးများ၏ တစ်ရက်လုပ်အားခပျမ်းမျှမှာ (၅၀၀၀/-)ကျပ်ရရှိပြီး အခြားဆောက်လုပ်ရေး လုပ်ငန်းများဖြစ်သော ပန်းရံ၊ လက်သမား၊ လုပ်ငန်းများ တွင် အမျိုးသား ပျမ်းမျှ(၁၀၀၀၀/-) ကျပ်နှင့် အမျိုးသမီးပျမ်းမျှ (၅၀၀၀/-) ကျပ်ရရှိကြသည်။

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်
၁	ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း	ဦးစားပေး(၁)
၂	ဆိုလာရေသန့်စင်စနစ်တပ်ခြင်း	ဦးစားပေး(၂)
၃	စာသင်ကျောင်းဆောင်ဆောက်လုပ်ပေးရန်	ဦးစားပေး(၃)
၄	ဆားတောင်လှည်းကူးတံတား -သင်ပုန်းချောင်း-ဆောက်လုပ်ပေးရန်	ဦးစားပေး(၄)
၅	ကျေးလက်ကျန်းမာရေးဌာနခွဲရရှိရန်	ဦးစားပေး(၅)

နောက်ဆက်တွဲ (၁)

ဆားတောင်ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦးမြင့်သိန်း	ဦးပေါ်ထွန်း	၉/ဝတန(နိုင်)၀၉၂၉၄၁	(၅၆)နှစ်	ဥက္ကဋ္ဌ	၀၉-၆၈၇၉၇၅၃၆၃	
၂	ဦးမြင့်ဝေ	ဦးစံထွန်း	၉/ဝတန(နိုင်)၁၆၄၂၈၀	(၆၂)နှစ်	အတွင်းရေးမှူး	၀၉-၇၉၄၃၄၄၅၈	
၃	ဦးဝင်းဗိုလ်	ဦးထွန်းစိန်	၉/ဝတန(နိုင်)၀၉၂၉၇၄	(၅၈)နှစ်	ဝယ်ယူရေးကော်မတီဥက္ကဋ္ဌ	၀၉-၆၆၈၀၁၅၅၀၀	
၄	ဦးတင်ငြိမ်း	ဦးထွန်းဇံ	၉/ဝတန(နိုင်)၀၉၆၇၅၇	(၆၄)နှစ်	ဘဏ္ဍာရေးမှူး		
၅	ဒေါ်သိန်းဌေး	ဦးအုန်းလှိုင်	၉/ဝတန(နိုင်)၁၄၀၂၈၀	(၄၅)နှစ်	စာရင်းကိုင်	၀၉-၆၆၇၃၈၉၁၁၈	
၆	ဒေါ်တင်အောင်	ဦးမြတ်ထွန်း	၉/ဝတန(နိုင်)၁၁၄၂၀၈	(၄၃)နှစ်	အဖွဲ့ဝင်		
၇	ဒေါ်ခင်စန်းမြင့်	ဦးပြေအေး	၉/ဝတလန(နိုင်)၁၄၀၂၇၀	(၄၄)နှစ်	အဖွဲ့ဝင်		

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	မသန်စွမ်းသူ အရေအတွက်	
				ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	5	3	0	0
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	16	21	0	0
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	18	32	0	0
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	27	28	0	0
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	291	329	1	1
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	12	51	0	0
စုစုပေါင်း		369	464	1	1
စုစုပေါင်း အိမ်ထောင်စု		0			

လေ့လာတွေ့ရှိချက်။ ။ဆားတောဘင်ကျေးရွာတွင် မသန်စွမ်းသူ ကျား(၁)ဦးနှင့်မ(၁)ဦးရှိပါသည်။။အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက်အနည်ငယ်များကြောင်းတွေ့ရှိရသည်။

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခု ကိုသာရွေးရန်။။)
		အိမ် ထောင်စု	မိသားစု ဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင် လုပ်ငန်း	170	0	29	253	246	0	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	10	0	4	12	4	0	မြင့် ☐ လတ် ☐ နိမ့် ☑
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင် လုပ်ငန်း	148	0	17	131	17	0	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	16	0	3	16	3	0	မြင့် ☐ လတ် ☐ နိမ့် ☑
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင် လုပ်ငန်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐

	အလုပ်သမား / ဝန်ထမ်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင် လုပ်ငန်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင် လုပ်ငန်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း	0	0	0	0	0	0">	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင် လုပ်ငန်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင် လုပ်ငန်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း	7	14>	1	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	0>	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐

	အလုပ်သမား / ဝန်ထမ်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင် လုပ်ငန်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	10	0	2	8	7	0	မြင့် ☐ လတ် ☐ နိမ့် ☑
၁၇	ပညာရေး							
	ကိုယ်ပိုင် လုပ်ငန်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	0	0	0	0		0	မြင့် ☑ လတ် ☐ နိမ့် ☐
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင် လုပ်ငန်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း	0	0	0	0	0	0	
	အလုပ်သမား / ဝန်ထမ်း	0	0	0	0	0	0	
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင် လုပ်ငန်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	0	0	0	0	0	0	မြင့် ☑ လတ် ☐ နိမ့် ☐

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးကိုသာ
အဓိကထားလုပ်ကိုင်ကြပြီးအခြားမွေးမြူရေးလုပ်ငန်းများဖြင့်လည်းအသက်မေွးဝမ်းကျောင်းပြုကြပါသည်။

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	5000	5000	4000	4000
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	0	0	0	0
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	0	0	0	0
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	0	0	0	0
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	0	0	0	0
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	10000	7000	5000	5000
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	0	0	0	0
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	0	0	0	0
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	0	0	0	0
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	0	0	0	0

လေ့လာတွေ့ရှိချက်။ ။ဆားတောင်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးတွင် ကျားမတန်တူလုပ်ခရရှိပြီး ဆောက်လုပ်ရေး၊လက်သမား၊ပန်ရံလုပ်ငန်းများတွင်သာ ကွာခြားမှုရှိပါသည်။

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး
လယ်မြေ	32.00	ကောင်း ☐ သင့် ☑ ညံ့ ☐
ယာမြေ / တောင်ယာမြေ	519.00	ကောင်း ☑ သင့် ☐ ညံ့ ☐
ဥယျာဉ်ခြံမြေ	1.00	ကောင်း ☑ သင့် ☐ ညံ့ ☐
ကိုင်း/ကျွန်းမြေ	0.00	ကောင်း ☑ သင့် ☐ ညံ့ ☐
ခနိတောမြေ	0.00	ကောင်း ☑ သင့် ☐ ညံ့ ☐
စားကျက်မြေ	0.00	ကောင်း ☑ သင့် ☐ ညံ့ ☐
မြေလွတ်မြေလပ်	0.00	ကောင်း ☑ သင့် ☐ ညံ့ ☐
စုစုပေါင်း	552	

လေ့လာတွေ့ရှိချက်။ ။ဆားတောင်ကျေးရွာတ့ွင် လယ်ယာမြေပိုင်ဆိုင်မှုအနေဖြင့် ၅၅၂ဧကရှိပါသာည်။ထို့လယ်ယာမြေများပေါ်တွင်စိုက်ပျိုးကြပါသည်။

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု	အသုံးချနိုင်မှု	လွန်ခဲ့သော(၁၀)နှစ်ကအခြေအ
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊ မြစ်၊စိမ့်စမ်း)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော - ဒီရေတောများ	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑

လေ့လာတွေ့ရှိချက်။ ။ ဆားတောင်ကျေးရွာအနီးတွင် သဘာဝပင်မျိုးစိတ်များအနည်းငယ်သာရှိကြောင်းသိရပါသည်။

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု

မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	44	120	15	1

လေ့လာတွေ့ရှိချက်။ ။ဆားတောင်ကျေးရွာတွင် အဆင်မပြေသောအိမ်ထောင်စု အနည်းငယ်သာရှိကြောင်းတွေ့ရပါသည်။

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြ
၃လအောက် ဝမ်းစာဖူလုံမှု	0	0	အခြားအစာပြောင်းလဲစား = 0 အစာလျှော့စား = 0 အထောက်အပံ့ယူ = 0 ချေးယူ = 0 လုပ်အားခကြိုယူ = 0
၃လနှင့်ဖြလကြား ဝမ်းစာဖူလုံမှု	0	0	အခြားအစာပြောင်းလဲစား = 0 အစာလျှော့စား = 0 အထောက်အပံ့ယူ = 0 ချေးယူ = 0 လုပ်အားခကြိုယူ = 0
ဖြလမှာ၂လအထိ ဝမ်းစာဖူလုံမှု	0	"0	အခြားအစာပြောင်းလဲစား = 0 အစာလျှော့စား = 0 အထောက်အပံ့ယူ = 0 ချေးယူ = 0 လုပ်အားခကြိုယူ = 0

လေ့လာတွေ့ရှိချက်။ ။ဆားတောင်ကျေးရွာသည် ဝမ်းစာဖူလုံမှုအနေဖြင့် အခက်အခဲမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	0	"0
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	**0**	**0**

	အိမ်ထောင်စုအရေအတွက်
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	0
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	0
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	0

လေ့လာတွေ့ရှိချက်။ ။ မရှိပါ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ		
သဘာဝဘေးအန္တရာယ်များ	**နိမ့်**	**လတ်**	**မြင့်**	**နိမ့်**	**လတ်**	**မြင့်**
မြစ်ရေကြီးမှု	☐	☐	☑	☑	☐	☐
လျှပ်တပြတ်ရေကြီးခြင်း	☑	☐	☐	☑	☐	☐
မုန်တိုင်းဒီရေ	☑	☐	☐	☑	☐	☐
ဆူနာမီ	☑	☐	☐	☑	☐	☐
တိုင်ဖုန်းမုန်တိုင်း	☑	☐	☐	☑	☐	☐
လေဆင်နာမောင်း	☑	☐	☐	☑	☐	☐
ငလျင်	☑	☐	☐	☑	☐	☐
အပူလှိုင်း	☑	☐	☐	☑	☐	☐
စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	☑	☐	☐	☑	☐	☐
အအေးလှိုင်း	☑	☐	☐	☑	☐	☐
မိုးသီးကြွေကျမှု	☑	☐	☐	☑	☐	☐
မိုးခေါင်ခြင်း	☑	☐	☐	☑	☐	☐
တောမီးလောင်ခြင်း	☑	☐	☐	☑	☐	☐
မြစ်ကမ်းပါးပြိုခြင်း	☑	☐	☐	☑	☐	☐
ကမ်းရိုးတန်းတိုက်စားမှု	☑	☐	☐	☑	☐	☐
မြေပြိုခြင်း	☑	☐	☐	☑	☐	☐
လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ						
စားနပ်ရိက္ခာမဖူလုံမှု	☑	☐	☐	☑	☐	☐
သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	☑	☐	☐	☑	☐	☐
မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	☑	☐	☐	☑	☐	☐
သစ်တောပြုန်းတီးခြင်း	☑	☐	☐	☐	☐	☐

၄က်ဖျားရောဂါ	☑	☐	☐	☑	☐	☐
တီဘီရောဂါ	☑	☐	☐	☑	☐	☐
ကိုယ်ခံအားကျဆင်းမှုရောဂါ	☑	☐	☐	☑	☐	☐
ကပ်ရောဂါ	☑	☐	☐	☑	☐	☐
ပြည်တွင်းပဋိပက္ခ	☑	☐	☐	☑	☐	☐
တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	☑	☐	☐	☑	☐	☐
လူကုန်ကူးခြင်း	☑	☐	☐	☑	☐	☐
ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	☑	☐	☐	☑	☐	☐

လေ့လာတွေ့ရှိချက်။ ။ဆားတောင်ကျေးရွာသည် ဝမ်းတွင်းမြို့၏ နယ်ဆုံးဖြစ်ပါသည်။ မိုးရာသီးတွင် မြစ်ရေကြီးမှုဖြစ်ပေါ်ပါသည်။

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ		
သဘာဝဘေးအန္တရာယ်များ	**နိမ့်**	**လတ်**	**မြင့်**	**နိမ့်**	**လတ်**	**မြင့်**
လူငယ်	☑	☐	☐	☑	☐	☐
အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	☑	☐	☐	☑	☐	☐
ဆင်းရဲသားတောင်သူ	☑	☐	☐	☑	☐	☐
သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ	☑	☐	☐	☑	☐	☐
ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	☑	☐	☐	☑	☐	☐
မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	☑	☐	☐	☑	☐	☐
ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူ များ (IDP)	☑	☐	☐	☑	☐	☐
မြေနိမ့်ပိုင်းနေထိုင်သူများ	☑	☐	☐	☑	☐	☐
ငါးကန်ပိုင်ရှင်များ	☑	☐	☐	☑	☐	☐
လက်လုပ်လက်စားများ၊ကျပန်းများ	☑	☐	☐	☑	☐	☐
လူနည်းစုလူမျိုးများ	☑	☐	☐	☐	☐	☐
ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	☑	☐	☐	☑	☐	☐
နယ်စပ်ဒေသတွင်နေထိုင်သူများ	☑	☐	☐	☑	☐	☐
ရွှေတွင်းလုပ်သားများ	☑	☐	☐	☑	☐	☐
လှည့်လည်သွားလာ၍ဈေးရောင်းသူများ	☑	☐	☐	☑	☐	☐
နေရပ်ပြန်အခြေချသူများ	☑	☐	☐	☑	☐	☐

ရွှေပြောင်းလုပ်သားများ	☑	☐	☐	☑	☐	☐
ကားမောင်းပြီးအသက်မွေးသူများ	☑	☐	☐	☑	☐	☐

လေ့လာတွေ့ရှိချက်။ ။ ဆားတောင်ကျေးရွာတွင် မိုးရာသီရေကြီးချိန်တွင် ရွာ၏ အရှေ့ဘက်ခြမ်းတစ်ခြမ်းလုံးရေဝင်ရောက်ပြီး (၃)ရက်ခန့်ကြာပါသည်။

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အဓိကအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်(အနည်းဆုံးတစ်ခုနှင့်အထက်ရေ ။)
			ကျား	မ	ပေါင်း	
1	အသောကမေတ္တာရှင်ပရဟိတအသင်း	☐ စီးပွားရေးအခြေခံသောအုပ်စု-လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့စသည့်။ ☐ လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။ ☑ ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။	36	40	76	☐ ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှ ကာကွယ်ရေး
2	အသောကမေတ္တာရှင်ပရဟိတအသင်း	☐ စီးပွားရေးအခြေခံသောအုပ်စု-လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့စသည့်။ ☐ လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။ ☑ ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။	36	40	76	☐ ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှ ကာကွယ်ရေး
3	မီးလင်းရေးကော်မတီ	☐ စီးပွားရေးအခြေခံသောအုပ်စု-လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့စသည့်။ ☑ လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။ ☐ ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။	16	0	16	☐ ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှ ကာကွယ်ရေး
4	မီးလင်းရေးကော်မတီ	☐ စီးပွားရေးအခြေခံသောအုပ်စု-လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့စသည့်။ ☑ လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။ ☐ ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။	16	0	16	☐ ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှ ကာကွယ်ရေး
5	အသောကမေတ္တာရှင်ပရဟိတအသင်း	☐ စီးပွားရေးအခြေခံသောအုပ်စု-လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့စသည့်။ ☐ လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။ ☑ ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။	36	40	76	☐ ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှ ကာကွယ်ရေး
6	အသောကမေတ္တာရှင်ပရဟိတအသင်း	☐ စီးပွားရေးအခြေခံသောအုပ်စု-လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့စသည့်။	36	40	76	☐ ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး

		☐ လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။ ☑ ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။				☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှ ကာကွယ်ရေး
7	ဓမ္မာစကြာအဖွဲ့	☐ စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့စသည်။ ☐ လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။ ☑ ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။	0	40	40	☐ ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှ ကာကွယ်ရေး
8	ဓမ္မာစကြာအဖွဲ့	☐ စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့စသည်။ ☐ လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။ ☑ ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။	0	40	40	☐ ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှ ကာကွယ်ရေး

လေ့လာတွေ့ရှိချက်။ ။ဆားတောင်ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း(၃)ဖွဲ့ရှိပါသည်။

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်ဒ
9	စိုက်ဘဏ်	☐ ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်) ☐ အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်) ☐ အရပ်ဘက်လူမှုအဖွဲ့အစည်း ☑ နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်) ☐ နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်) ☐ ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ) ☐ ပုဂ္ဂလိကအဖွဲ့အစည်းများ	☐ ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး
9	စိုက်ဘဏ်	☐ ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်) ☐ အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်) ☐ အရပ်ဘက်လူမှုအဖွဲ့အစည်း ☑ နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်) ☐ နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်) ☐ ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)	☐ ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး

		☐ ပုဂ္ဂလိကအဖွဲ့အစည်းများ	
9	သမဘဏ်	☐ ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –မမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်) ☐ အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်) ☐ အရပ်ဘက်လူမှုအဖွဲ့အစည်း ☑ နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်) ☐ နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်) ☐ ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ) ☐ ပုဂ္ဂလိကအဖွဲ့အစည်းများ	☐ ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး
9	သမဘဏ်	☐ ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –မမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်) ☐ အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်) ☐ အရပ်ဘက်လူမှုအဖွဲ့အစည်း ☑ နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်) ☐ နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်) ☐ ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ) ☐ ပုဂ္ဂလိကအဖွဲ့အစည်းများ	☐ ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး

လေ့လာတွေ့ရှိချက်။ ။ဆားတောင်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းအနေဖြင့် စိုက်ဘဏ်နှင့် သမဘဏ်(၂)ခုသာရှိပါသည်။

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦး ဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
မြေယာမဲ့	0	0	မြေယာမဲ့
၂.၅ဧကအောက်	15	0	ဆင်းရဲသားတောင်သူ
၂.၅ဧကမှ၅ဧကကြား	120	0	တောင်သူငယ်
၅ဧကမှ၁၂.၅ဧကကြား	36	0	တောင်သူလတ်
၁၂.၅ဧကအထက်	8	1	တောင်သူကြီး

လေ့လာတွေ့ရှိချက်။ ။ဆားတောင်ကျေးရွာတွင် မြေယာပိုင်ဆိုင်မှုအနေဖြင့် အလယ်အလတ်အဆင့်ရှိသူက များပြားပြီးအမျိုးသမီးဦးဆောင်သောအိမ်ထောင်စု(၁)စုသာရှိပါသည်။

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

အရင်းအမြစ်	ရေသောက် (ဧက)	တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကို
ဆည်	35.00	☐တစ်နှစ်ပတ်လုံး ☑ရာသီအလိုက် ☐မဖြေဆိုပါ	☑ရှိ ☐မရှိ ☐မဖြေဆိုပါ	☑လျော့ ☐တိုး ☐အပြောင်းအလဲမရှိ
ရေလွှဲဆည်	0.00	☑တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐မဖြေဆိုပါ	☑ရှိ ☐မရှိ ☐မဖြေဆိုပါ	☑လျော့ ☐တိုး ☐အပြောင်းအလဲမရှိ
မြစ်ရေတင်	302.00	☑တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐မဖြေဆိုပါ	☑ရှိ ☐မရှိ ☐မဖြေဆိုပါ	☑လျော့ ☐တိုး ☐အပြောင်းအလဲမရှိ
ရေသွင်းမြောင်း	0.00	☑တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐မဖြေဆိုပါ	☑ရှိ ☐မရှိ ☐မဖြေဆိုပါ	☑လျော့ ☐တိုး ☐အပြောင်းအလဲမရှိ
အဝီစိတွင်း	0.00	☑တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐မဖြေဆိုပါ	☑ရှိ ☐မရှိ ☐မဖြေဆိုပါ	☑လျော့ ☐တိုး ☐အပြောင်းအလဲမရှိ
လက်ငင်ရေတွင်း	0.00	☑တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐မဖြေဆိုပါ	☑ရှိ ☐မရှိ ☐မဖြေဆိုပါ	☑လျော့ ☐တိုး ☐အပြောင်းအလဲမရှိ
စိမ့်စမ်းရေ	0.00	☑တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐မဖြေဆိုပါ	☑ရှိ ☐မရှိ ☐မဖြေဆိုပါ	☑လျော့ ☐တိုး ☐အပြောင်းအလဲမရှိ
ချောင်းရေ	73.00	☐တစ်နှစ်ပတ်လုံး ☑ရာသီအလိုက် ☐မဖြေဆိုပါ	☑ရှိ ☐မရှိ ☐မဖြေဆိုပါ	☑လျော့ ☐တိုး ☐အပြောင်းအလဲမရှိ

လေ့လာတွေ့ရှိချက် ။ ။ ဆားတောင်ကျေးရွာတွင် စိုက်ပျိုးရေအတွက်ကင်းတားဆည်မှခွဲထွက်လာသော စမုံမြစ်ရေနှင့် သင်ပုန်းချောင်းမှ ရေသွင်းယူကြပါသည်

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရ
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		(မှန်ရာတစ်ခုကို
ကြက်သွန်	150	ပိဿ	2000	4000	3000	တော်သလင်း	နတ်တော်	☑မြင့် ☐လတ် ☐နိမ့်	☑မြင့် ☐လတ်
ကြက်သွန်	150	ပိဿ	2000	4000	3000	တော်သလင်း	နတ်တော်	☑မြင့် ☐လတ် ☐နိမ့်	☑မြင့် ☐လတ်
ကုလားပဲ	200	တင်း	15	30	20	တန်ဆောင်မုန်း	နတ်တော်	☑မြင့် ☐လတ် ☐နိမ့်	☑မြင့် ☐လတ်
ကုလားပဲ	200	တင်း	15	30	20	တန်ဆောင်မုန်း	နတ်တော်	☑မြင့် ☐လတ် ☐နိမ့်	☑မြင့် ☐လတ်
ငရုပ်	65	တင်း	50	4000	150	ပြာသို	တန်ခူး	☑မြင့် ☐လတ် ☐နိမ့်	☑မြင့် ☐လတ်
ငရုပ်	65	တင်း	50	4000	150	ပြာသို	တန်ခူး	☑မြင့် ☐လတ် ☐နိမ့်	☑မြင့် ☐လတ်
နှမ်း	120	တင်း	12	15	7	တန်ခူး	ဝါဆို	☑မြင့် ☐လတ် ☐နိမ့်	☑မြင့် ☐လတ်
နှမ်း	120	တင်း	12	15	7	တန်ခူး	ဝါဆို	☑မြင့် ☐လတ် ☐နိမ့်	☑မြင့် ☐လတ်

လေ့လာတွေ့ရှိချက်။ ။ ဆားတောင်ကျေးရွာတွင် အဓိကသီးနှံဖြင့် ကြက်သွန်၊ ကုလားပဲ၊ငြုပ်၊နှမ်းသီးနှံများကိုသာစိုက်ပျိုးကြပါသည်။

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်
ထွန်စက်	3	0	0	177
လက်တွန်းထွန်စက်	5	0	0	0
အစေ့ချကိရိယာ	0	0	0	0
ရိတ်သိမ်းခြွေလှေ့စက်	0	0	0	0
ရိတ်သိမ်းစက်	0	0	0	0
ခြွေလှေ့စက်	2	0	0	178
ရေစုပ်စက်	100	0	0	180
ခြေနင်းရေတင်စက်	0	0	0	0
မြက်ရိတ်စက်	0	0	0	0

လေ့လာတွေ့ရှိချက်။ ။လယ်ယာသုံးစက်ကိရိယာအဖြစ် ထွန်စက်(၃)လုံး၊လက်တွန်းထွန်စက်(၅၀လုံး၊ခြွေ.လှေ့စက်(၂)လုံးနှင့် ရေစုပ်စက်(၁၀၀)ရှိကြောင်းတွေ့ရပါသည်။

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ ဇယား ၂၀နှင့် ၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
